dvbdebate.com   facebook.com/dvb.debateTwitter@dvbdebate

**DVB TV timetable**

| | | | |
|---|---|---|---|
| Sun | 19:15 | 21:00 | night repeat |
| Mon | 10:15 | 15:15 | 21:00 |
| Wed | 10:15 | 15:15 | 21:00 |
| Fri | 10:15 | 15:15 | 21:00 |

“ဒီဗွီဘီ ဒီဘိတ်” အချေအတင် ဆွေးနွေးပွဲ အစီအစဉ်ကို DVB Multimedia Group က စနေနေ့တိုင်း တိုက်ရိုက် ရိုက်ကူးပြီး ဒီဗွီဘီရုပ်သံလိုင်းမှာ တစ်ဖက်ပါ အစီအစဉ်အတိုင်း ထုတ်လွှင့် တင်ဆက်ပါတယ်။

DVB Debate ဟာ မိမိတို့ရဲ့ အတွေးအမြင် အယူအဆတွေကို လွတ်လပ်စွာ သဘောကွဲလွဲနိုင်ဖို့၊ အပြန်အလှန် နားလည်မှုတွေကို တည်ဆောက်နိုင်ဖို့၊ မြန်မာ့အနာဂတ် ပိုမိုကောင်းမွန်လာစေဖို့၊ လူ့အဖွဲ့အစည်းအတွင်းမှာ ရှိနေတဲ့ ပြဿနာတွေကို အဖြေရှာနိုင်ဖို့၊ လူတိုင်းပါဝင်နိုင်ပြီး မတူကွဲပြားတာတွေကို လက်ခံပေးနိုင်ဖို့၊ အချေအတင်ဆွေးနွေးတဲ့ ယဉ်ကျေးမှုပေါ်ထွက်လာစေဖို့ ရည်ရွယ်ပါတယ်။

မီဒီယာတွေနဲ့ အသင်းအဖွဲ့တွေကိုလည်း အခုလို လွတ်လပ် ပွင့်လင်းတဲ့ ဒီဘိတ်ရဲ့ အချေအတင် ဆွေးနွေးပွဲမှာ ပါဝင်ဖို့ကို ဖိတ်ခေါ်ပါတယ်။ အပတ်စဉ် သတင်းထုတ်ပြန်ချက်များ၊ သတင်းဓာတ်ပုံများနဲ့ ဒီဘိတ်ကာတွန်းကို ရုပ်သံရိုက်ကူးပြီး မကြာခင်မှာပဲ ဒီဗွီဘီဒီဘိတ်ရဲ့ ဖေ့စ်ဘုတ်စာမျက်နှာနဲ့ ဝက်ဘ်ဆိုက်မှာ ကြည့်ရှုနိုင်ပါတယ်။ ပြည်တွင်းမှာ ပြုလုပ်မယ့် အချေအတင် ဆွေးနွေးတဲ့ ဒီဘိတ်တွေကို ပံ့ပိုးကူညီဖို့ DVB Debate မှာ ရန်ပုံငွေ ရှိပါတယ်လို့ အသိပေးလိုပါတယ်။

# DVB DEBATE

ယခုအပတ် ဆွေးနွေးပွဲအတွက် မေးခွန်းကတော့

*"How troubled is Burma's relation with China?"*

ဖြစ်ပါတယ်။

❖ မှတ်ချက်ပေးလိုတာ၊ အကြံပြုလိုတာနဲ့ မေးမြန်းလိုပါက ရုံးချိန်အတွင်း ဖုန်းနံပါတ် ၀၁ ၂၉၂၇၄၃ နဲ့ debate@dvb.no ကို ဆက်သွယ်ပြီး အဖွဲ့ဝင်တစ်ဦးဦးထံ မေးမြန်းနိုင်ပါတယ်။

## ဒီတစ်ပတ်မှာတော့ "ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး မူဂါဒလမ်းပေါ်က မြန်မာ-တရုတ်ဆက်ဆံရေး ဘယ်လိုရှိနေလဲ" ဆိုတဲ့ ဒီဘိတ်ကို ဆွေးနွေးကြမှာ ဖြစ်ပါတယ်။

လူဦးရေသန်း ၁၅၀၀ ခန့်ရှိနေပြီး ယနေ့ ကမ္ဘာ့ဇာတ်ခုံပေါ်၌ စူပါပါဂါ တန်းဝင်တစ်နေရာသို့ တက်လှမ်းလာနိုင်ခဲ့သည့် တရုတ်နိုင်ငံသည် မြန်မာနိုင်ငံ၏ အိမ်နီးချင်းနိုင်ငံသာမကပဲ မဟာဗျူဟာမြောက်ဆက်ဆံရေးအဖြစ်ဖြင့်ပါ ရပ်တည်လျက်ရှိသည်။

မြန်မာနိုင်ငံသည် ပထဝီဝင်နိုင်ငံရေးအရ အင်အားကြီးနိုင်ငံနှစ်ခုအကြားတွင် တည်ရှိသည့် အချက်အချာကျသောနိုင်ငံတစ်ခုလည်းဖြစ်ပေရာ နိုင်ငံကြီးအချို့၏ မျက်စိကျခံရမှုလည်း ရှိနေပေသည်။

လူဦးရေ အင်အားသာမက နောင်လာမည့် ဆယ်စုနှစ်များအတွင်း၌ ယခုလက်ရှိ ကမ္ဘာ့စူပါပါဂါပိုင်ဆိုင်ရှင် အမေရိကန်ကိုပင် ကျော်တက်လိမ့်မည်ဟု ခန့်မှန်းထားကြရာ လက်ရှိတွင် အမေရိကန် အနေဖြင့်လည်း ၄င်း၏စူပါ ပါဂါပြိုင်ဘက် ဟုဆိုနိုင်သည့် တရုတ်ကို မိတ်ဖက် ဆက်ဆံရေးအသွင်ဖြင့် ရေရှည် ခရီးဆက်နိုင်ရန် မူဂါကို ကျင့်သုံးဆောင်ရွက်လာလျက်ရှိကြောင်း လေ့လာသူတို့က သုံးသပ်မှုအရ သိရသည်။

အရပ်သားအစိုးရအဖြစ် သမ္မတ ဦးသိန်းစိန် တက်ရောက်လာခဲ့ချိန်တွင် သမ္မတ၏ ပထမဦးဆုံး ချစ်ကြည်ရေးခရီးစဉ် အဖြစ် တရုတ်နိုင်ငံသို့ သွားရောက်ခဲ့သည်။ ယင်းခရီးစဉ်တွင် ယခင်ကဆွေမျိုးပေါက်ဖော်ဆက်ဆံရေးအဖြစ် သတ်မှတ်ပြောဆိုခဲ့ရာမှ ဘက်စုံ မဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်ရေး မိတ်ဖက်နိုင်ငံရေးအဖြစ်  သတ်မှတ်ခဲ့သည်။ တစ်ဆက်တည်းမှာပင် ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး မူကြီး ၅ချက် ပေါ်အခြေခံသည့်ဆက်ဆံရေးတို့ဖြင့်လည်း  ရှိနေခဲ့သည့် တရုတ်နိုင်ငံမှ မြန်မာနိုင်ငံအနေဖြင့် အဘယ်သို့သော အခွင့်အရေးကောင်းများကို ဆောင်ကျဉ်းနိုင်ကြမည်နည်း။

လက်ရှိတွင် တရုတ်နိုင်ငံနှင့် မြန်မာနိုင်ငံတို့အကြား စီးပွားရေးဆောင်ရွက်မှုများအပေါ် ဝေဖန်မှုများခပ်လှိုင်လှိုင်ရှိနေပေသည်။ မြစ်ဆုံစီမံကိန်း၊ လက်ပံတောင်းတောင်ရခိုင်ဘက်မှ သွယ်ယူလျက်ရှိသည့် ရွှေ Gas သဘာဝဓာတ်ငွေ့ပိုက်လိုင်း ကိစ္စများ မှာ ပြည်တွင်း၌ ဆန္ဒပြမှုများ ဖြစ်ပေါ်သည်အထိပင် လှုပ်ခတ်စေခဲ့သည်။ ယခုလတ်တလောတွင်လည်း ကိုးကန့်တိမ်းရှောင်အဖွဲ့နှင့် မြန်မာ့တပ်မတော်တို့အကြား တိုက်ပွဲများဖြစ်ပွားလျက်ရှိပြီး လောက်ကိုင်ဒေသတွင် ဖေဖော်ဝါရီလ ၁၇ ရက်နေ့က စစ်အုပ်ချုပ်ရေး ကြေညာခဲ့သည်။

ယခုတစ်ပတ်၏ ဒီဘိတ်အစီအစဉ်တွင် မြန်မာနိုင်ငံ၏ မိတ်ဖက်နိုင်ငံဖြစ်သည့် ကမ္ဘာ့စူပါပါဂါ တရုတ် နှင့် မြန်မာနိုင်ငံတို့ အကြား ဆက်ဆံရေးနဲ့ ပတ်သက်တာတွေကို ဆွေးနွေး ကြည့်ကြမည် ဖြစ်ပါသည်။

## သူတို့အမြင်

"တကယ့်ဖြစ်စဉ်အမှန်ကိုသိဖို့တော့လိုတယ်။ အခုဒီထဲမှာပါတယ်ဆိုတာက တရုတ်ပြည်က လူတွေ တရားဝင် နေတာမဟုတ်ဘူးလို့သိရတယ်။ ဘာလဲဆိုရင် အဲဒီဒေသကလူတွေကို ဖုန်ကြားရှင်တို့က ပိုက်ဆံ ပေးပြီးခေါ်လာတာလဲဖြစ်နိုင်တယ်။ တရုတ်အစိုးရကနေပြီး တရားဝင်သွားလုပ်ကြဟေ့ ဆိုပြီးလုပ်တဲ့သူ မပါဘူး။ဒါကြောင့်မို့ ဒီကစ္စဟာ အခု ဆန္ဒပြနေသလို ပေါ့ဗျာ သောကောရောကောတွေလည်း ပါလာနိုင်တယ်။ အဲဒါကို တစ်ဖက်က ပါတယ်ဆိုတာမျိုး တွန်းပြီးပို့နေမယ်ဆိုရင် ကျွန်တော်တို့ နှစ်နိုင်ငံဆက်ဆံရေး ရှုပ်ရှုပ် ထွေးထွေးဖြစ်လာနိုင်တယ်။ ပြည်သူတွေရော အစိုးရရော သတိထားသင့်တဲ့ကိစ္စပါ။"
**ဦးစိန်ဝင်းအောင်** -  တရုတ်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးဟောင်း။

"ကမ္ဘာ့နိုင်ငံ အများအပြားတွင် တရုတ်လေ့လာရေး ဌာနကြီးများ ရှိသည်။ တရုတ်နိုင်ငံရေးကို လေ့လာကြသလို လူမှုရေး၊ စီးပွားရေးတို့ကိုလည်း လေ့လာကြသည်။ ထိုသို့ မိမိနိုင်ငံအတွက် အရေးကြီးသောနိုင်ငံများကို လေ့လာသော ဌာနကြီးများ ရှိသဖြင့် ပြည်သူတို့သည် မိမိတို့ အတွက် အဓိကကျသည့် ပြည်ပနိုင်ငံများ အကြောင်း သိသလို သက်ဆိုင်ရာ အစိုးရ၊ စီးပွားရေး လုပ်ငန်းတို့သည် မိမိနိုင်ငံ အကျိုးစီးပွားကို ထိုနိုင်ငံတို့ထံမှ ရယူနိုင်သည်။ သံခင်းတမန်ခင်း အောင်မြင်သည်၊ စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု အောင်မြင်သည်၊ ရန်သူနိုင်ငံကို မိတ်ဆွေနိုင်ငံအဖြစ် ပြောင်းနိုင်သည် ဆိုခြင်းမှာ ထိုနိုင်ငံတို့ကို စနစ်တကျ လေ့လာထားသော သုတေသနဌာန၊ ပညာရှင်တို့ ရှိခြင်းကြောင့် ဖြစ်သည်။ ထိုနိုင်ငံတို့နှင့် စစ်ဖြစ်ပြီ ဆိုလျှင်လည်း ထိုဌာန၊ ပညာရှင် တို့၏ အမြင်သဘောထား ကျွမ်းကျင်မှုကို ရယူကြရသည်။"
**ဇေယျာသူ** - သတင်းစာဆရာ

*Information links:*

www.thevoicemyanmar.com

www.burmese.voanews.com

**www.dvbdebate.net**

**www.**Burmese.dvb.no